# ဆယ်မိုင်ကျေးရွာ

# ဆယ်မိုင်ကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်

# ကချင်ပြည်နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း(၂၀၁၉-၂၀၂၃)

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဆယ်မိုင်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၀

## မာတိကာ


၁။ တည်နေရာနှင့် ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၅

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၅

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ၅

(ခ) မွေးမြူရေးလုပ်ငန်း ၆

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၆

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၆

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၆

(ခ ) ကျေးရွာမီးလင်းရေး ၇

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၇

၆။ ပညာရေး ၇

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၇

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၇

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၈


၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၈

နောက်ဆက်တွဲ


နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၀


နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၅၃

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၅၇



ဆယ်မိုင်ကျေးရွာ မြေပုံ
အိမ်
လမ်း
တံတား
ဘုရားကျောင်း
ဆေးပေးခန်း
ကျောင်း
မနက်ဈေး
ဘောလုံးကွင်း
Nau Shawng
သုသာန်
လယ်ကွင်း
ချောင်း
R.C
K.B.C
K.T.C.S


(၁၀)မိုင်
အဖွဲ့အစည်းများ ချိတ်ဆက်မှု
ရပ်မိရပ်ဖ
အရံမီးသတ်
ကျောင်းအကျိုးတော်ဆောင်
အမျိုးသမီးရေးရာ
အုပ်ချုပ်ရေး
ကျန်းမာရေး
ကချင်ရိုးရာ
ကိုယ့်အားကိုယ်ကိုး
ကချင်ဓမ္မတက္ကသိုလ်
ဘာသာရေး
မိဘမဲ့ဂေဟာ
AZG
ရိုးရာယဉ်ကျေးမှု
Vision fund


ဆယ်မိုင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်
အကြောင်းအရာ
Jan
Feb
March
Apr
May
June
July
Aug
Sep
Oct
Nov
Dec
ရာသီဥတု
အလုပ်အကိုင်
ရေရရှိမှု
ဝင်ငွေရရှိမှု
ရောဂါအခြေအနေ (လူ)
ရောဂါအခြေအနေ (တိရိစ္ဆာန်)
သီးနှံ ဖျက်ပိုးကျရောက်မှု
သဘာဝဘေး
ပျော်ပွဲ ရွှင်ပွဲ
ဝမ်းစာဖူလုံမှု

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ဆယ်မိုင်ကျေးရွာသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင်တည်ရှိသည်။ကျေးရွာသည် မြစ်ကြီးနားမြို့နှင့် ဆယ်မိုင်ခန့်အကွာတွင်တည်ရှိပြီး ပူတာအို-ဆွမ်ပရာဘွမ်သွားသော ကားလမ်းဘေးတွင်တည်ရှိပါသည်။ ကျေးရွာပေါင်း(၉)ရွာဖြင့် ဖွဲ့စည်းထားသော နောင်နန်းကျေးရွာအုပ်စုတွင် ပါဝင်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၀၀.၆)ဧက၊ ယာမြေ/ တောင်ယာမြေ (၈၇) ဧက ၊ ဥယျာဉ်ခြံမြေ (၁၁၆.၇၇)၊ မြေလွတ်မြေလပ် (၁၃၇) ဧက၊ စုစုပေါင်း (၅၄၁.၃၇)ဧကပိုင်ဆိုင်ကြသော်လည်း လယ်နှင့်တောင်ယာမြေများမှာအခြားဒေသနှင့် ဧရာဝတီအရှေ့ဘက်ကမ်း တွင်ပိုင်ဆိုင်ကြခြင်းဖြစ်သည်။ ကျေးရွာနယ်နိမိတ်အတွင်းပိုင်ဆိုင်မှုမှာနည်းပါးသည်။ မြေဆီလွှာအရည်အသွေးအသင့်အတင့် ကောင်းမွန်ပြီး မြေလွတ်လပ်များအနည်းငယ်ရှိကာ မြေဆီလွှာ အရည်အသွေးညံ့သည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် အဖွဲ့ပေါင်း (၆) ဖွဲ့ရှိပြီး ရပ်မိရပ်ဖ၊ ကျောင်းအကျိုးတော်ဆောင်၊ ငွေစုငွေချေးအဖွဲ့၊ အမျိုးသမီးရေးရာ၊ မီးသတ်နှင့် အုပ်ချုပ်ရေးအဖွဲ့များ ဖြစ်သည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင်တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန်ယုံကြည်မှုရှိသည်။လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီးကြာရှည်လည်းရပ်တည်နိုင်ကြသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအနေဖြင့် AZG နှင့် Vision Fund အဖွဲ့အစည်း (၂) ခုရှိသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ရှစ်မိုင်ကျေးရွာတွင် တောင်သူကြီး (၄) အိမ် ၊ တောင်သူလတ် (၁၇) အိမ်၊ တောင်သူငယ် (၂၄) အိမ် နှင့် ဆင်းရဲသားတောင်သူ (၅၈) အိမ်နှင့် ကျန် (၂၅၁) အိမ် ထောင်စု မှာ မြေယာမဲ့များဖြစ်ကြသည်။ အဓိကအားဖြင့် လယ်နှင့်တောင်ယာပိုင်ဆိုင်သူအများစုမှာ မိမိအိမ်စားသောက်ရန် စပါးကိုသာစိုက်ပျိုးကြသည်။အနည်းငယ်သောမြေပိုင်ရှင်တို့သာလျှင် ရောင်းချရန်အတွက်စိုက်ပျိုးကြသည်။ ဥယျာဉ်ခြံများတွင် ရာဘာ၊ နာနတ်နှင့် ကြက်မောက်စိုက်ပျိုးကြသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးကြသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ၂၀တင်းမှ ၃၀တင်းအထိထွက်ရှိသည်။ တစ်ဦးချင်းပိုင် လက်တွန်းထွန် စက် ၁၁စီး၊ မြက်ရိတ်စက် ၂၂ စီးရှိသည်။ ထွန်စက်ငှားရမ်းအသုံးပြုပါက တစ်ဧက ၃၀၀၀၀ကျပ်ပေးကြရသည်။ ခြွေစက်များကိုလည်း ငှားရမ်းသုံးစွဲကြသည်။ လယ်ယာသုံးစက်ကရိယာများလုံလောက်မှုမရှိသောကြောင့် အရစ်ကျရောင်းချစေလိုကြသည်။

ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများကို လွယ်ကူစွာဝယ်ယူရရှိနိုင်ပြီး သဘာဝမြေသြဇာကိုအနည်းငယ်ဝယ်ယူနိုင်ကြသော်လည်း သုံးစွဲလေ့မရှိကြပါ။ သီးနှံမျိုးစေ့များ ဝယ်ယူနိုင်သော်လည်း မျိုးကောင်းမျိုးသန့်များမရရှိနိုင်ကြပါ။ လယ်ယာထွက်ကုန် သီးနှံဈေးကွက်နှင့် ကုန်သွယ်မှုမှာသီးနှံများကိုရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်ခြင်းမရှိပါ။ ဖျက်ပိုး

အနည်းငယ်ကျရောက်သည်။ ထို့ကြောင့်မျိုးကောင်းမျိုးသန့်များ ရောင်းချပေးရန်နှင့် ဘက်စုံစိုက်ပျိုးရေး သင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်သည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားကို ၆၀ အိမ်မှ ၁၅၅ ကောင်၊ ကျွဲကို ၃၄ အိမ်မှ ၇၆ ကောင်၊ ဆိတ်ကို ၁၁ အိမ်မှ ၅၈ ကောင်၊ ဝက်ကို ၂၂၅ အိမ်မှ ၄၇၄ကောင်နှင့် ကြက်ကို ၂၉၉အိမ်မှ ၃၄၆၈ ကောင်၊ ဘဲကို ၁၅အိမ်မှ ၅၈ကောင် မွေးမြူကြသည်။ မွေးမြူရေးနှင့်ပါတ်သက်၍ တစ်ပိုင်တစ်နိုင်သာမွေးမြူလေ့ရှိပြီး စီးပွားဖြစ် မွေးမြူလေ့မရှိကြပါ။ တိုးမြှင့်မွေးမြူလိုသော်လည်း နည်းပညာနှင့် ဝန်ဆောင်မှုမရကြပါ။

စားကျက်မြေအနည်းငယ်ရှိသော်လည်းသီးသန့်စားကျက်မရှိပါ။ မွေးမြူရေးချေးငွေသီးသန့်မရှိကြပါ။ သွင်းအားစုများမှာလည်း မြို့နှင့်အလှမ်းဝေးသောကြောင့် လွယ်ကူစွာဝယ်ယူနိုင်ခြင်းမရှိပါ။ ထုတ်ကုန်များကိုရောင်းချရာတွင်လည်းဈေးမှန်မရှိပဲဈေးနှိမ်မှုများရှိသည်။ မျိုးကောင်းမျိုးသန့်များလည်းမရရှိကြပါ။ စီးပွားဖြစ် မွေးမြူနိုင်ရန်တိရိစ္ဆာန်မွေးမြူရေးနည်းပညာသင်တန်းနှင့် မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်သည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် စိုက်မွေးမဟုတ်သောလုပ်ငန်းများမှာ ဝိုင်ထုတ်လုပ်ခြင်း၊ စက်ချုပ်၊ ဈေးရောင်း၊ ကားမောင်းခြင်း၊ ကျောက်ထုတ်လုပ်ခြင်း၊ ကျပန်း၊ ရွှေကျင် ၊ ဝါးထရံ၊ ယက္ကန်း နှင့် ကုမ္ပဏီဝန်ထမ်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောအရွယ်များစွာရှိသော်လည်း နည်းပညာနှင့်ဈေးကွက်များမရှိသောကြောင့်ပြင်ပသို့သွားရောက်လုပ်ကိုင်ကြ၍အခြားလုပ်ငန်းများအတွက်လုပ်သားရှားပါးသည်။ ဒေသထွက်ကုန်အတွက် ဈေးကွက် မကောင်း၊ ဈေးကောင်း မရပါ။ ဈေးကွက်အခြေအနေကိုနားမလည်ကြပါ။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ကျွမ်းကျင်စွာတတ်မြောက်မှုလည်းအားနည်းကြသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်လို ကြသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေကြေးလက်လှမ်းမီမှုအနေဖြင့်စိုက်ပျိုးရေးဘဏ်၊သမဝါယမ၊မြစိမ်းရောင်နှင့်ကိုယ်အားကိုယ်ကိုး ( ငွေစုငွေချေး) မှ ငွေချေးပေးခြင်း ၄ ခုရှိသည်။ ၄ ခုလုံး မှာ ကာတိုနှင့် ကာလလတ်ချေးငွေများ ဖြစ်သောကြောင့် ရွာသူ/သားများနှင့် ကိုက်ညီသောအတိုးနှုန်း သက်သာသော နှစ်ရှည်ချေးငွေများ ချမှတ်ပေးရန် လိုအပ်သည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး ၃၆ စင်း၊ မော်တော်ဆိုင်ကယ် ၄၆၈ စီး၊ သုံးဘီးဆိုင်ကယ် ၁၉ စင်း၊ ထော်လာဂျီ ၃ စီး၊ ကား ၂၇စီးနှင့် နွားလှည်း ၈စီးရှိသည်။ သယ်ယူပို့ဆောင်ရေးယာဉ်မျိုးစုံရှိပြီး ဆိုင်ကယ်ကိုအများဆုံးအသုံးပြုနေကြသည်။

ရွာတွင်းလမ်းများမှာကျောက်ခင်းလမ်းနှင့်မြေသားလမ်းအချို့ဖြစ်သည်။မြေသားလမ်းမှာ မိုးတွင်းချိန်တွင် ရွှံ့များဖြင့်သွားလာရခက်ခဲ၍ နွေရာသီတွင် ဖုံထူသဖြင့် ရွာတွင်းလမ်းအဆင့်မြှင့်တင်လိုကြသည်။ ရွာတွင်းတံတားအသုံးပြုခြင်းမရှိသော်လည်း ရေပြွန်သေးများသာရှိသည်။

ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး မြစ်ကြီးနား-ပူတာအို လမ်း ဖြစ်သည်။

**(ခ) ကျေးရွာမီးလင်းရေး**

မဟာဓါတ်အားလိုင်းသုံးစွဲသူ ၂၂၇ အိမ်ထောင်စုရှိပြီး ဆိုလာအသုံးပြုသူ (၁၄၇) အိမ်ထောင်စုရှိပြီး ဒီဇယ်သုံးအင်ဂျင်အသုံးပြုသူ (၄) အိမ်ထောင်စုနှင့် အမျိုးအမည်ခွဲခြားဖော်ပြခြင်းမရှိသော အိမ်ထောင်စု (၅) စုနှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု (၁) ဦးပါဝင်သည်။ ဓါတ်အားလိုင်းနှင့် ဆိုလာနှစ်ခု လုံးအသုံးပြုသောအိမ်ထောင်စု များလည်းရှိသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက်၈၃၉လုံးရှိပြီးဖုန်းလိုင်း များအကုန်လုံးမိသည်။

ရေဒီယို ၁၀၄ လုံးအသုံးပြုနေကြသည်ကို တွေ့ရှိရပါသည်။ တီဗီ ၁၃၂ လုံးနှင့် ဂြိုလ်တုစလောင်း ၈၅ လုံးရှိသည်။

**၆။ ပညာရေး**

ကျေးရွာတွင် အထက်တန်းကျောင်း(၁)ကျောင်းသာရှိပါသည်။ စာသင်ကျောင်းမှာကျေးရွာအတွင်း သာရှိပြီးစမိုင်ကျေးရွာနှင့်နောင်နန်းကျေးရွာမှလည်းလာတက်ရောက်သူများလည်းရှိသည်။ကျောင်းဆောင် မှာ (၂) ထပ်ကျောင်းဆောင် (၂) ဆောင်နှင့် (၁) ထပ်ကျောင်းဆောင် (၂) ဆောင်ရှိကာ အသင့်အတင့် ကောင်းမွန် သည်။ ကျောင်းပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ ကျောင်းယင်လုံ အိမ်သာမှာလည်း (၄) ခန်းတွဲ ၂လုံးနှင့် (၅) ခန်းတွဲ(၁)လုံးရှိပြီး အသင့်အတင့်ကောင်းမွန်သည်။ ကျောင်းသုံးစာအုပ်နှင့် စာရေး ကိရိယာများလည်း လုံလောက်မှုမရှိပါ။

စာမတတ်သည့်လူဦးရေအများစုမှာသက်ကြီးရွယ်အိုများဖြစ်ကြပါသည်။မူလတန်းအဆင့်စာတတ် မြောက်သည့် လူဦးရေမှာ(၂၂.၇)ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ (၃၁.၇) ရာခိုင်နှုန်း၊ အထက်တန်းအဆင့်တတ်မြောက်သူ (၂၄.၈)ရ ရာခိုင်နှုန်း နှင့် တက္ကသိုလ်အဆင့်ထိ စာတတ် မြောက်သူ (၅.၉၉)ရာခိုင်နှုန်း ရှိသဖြင့်ကျေးရွာ၏ လူဦးရေရာခိုင်နှုန်းထက်ဝက်ကျော်မက စာတတ်မြောက် ကြသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်း အမြစ်ကောင်းများဖြစ်စေပါသည်။

**၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် ကာကွယ်ဆေးများကို ကျန်းမာရေးဌာနမှ နှစ်စဉ်ပုံမှန်ထိုးပေးလေ့ရှိပြီး အာဟာရ မှတ်တမ်းယူမှုနှင့် အာဟာရပညာပေးအစီအစဉ်များလည်းရှိသည်။ ကျေးလက်ဆေးပေးခန်းရှိပြီး ကျန်းမာ ရေးမှူး (၁) ဦးနှင့် သားဖွားဆရာမ(၄)ဦးရှိသောကြောင့် ဝန်ဆောင်မှုရရှိကြသည်။ မြို့နယ်ဆေးရုံ မှာ မြစ်ကြီးနားမြို့တွင်ရှိပြီး ၁၀မိုင်ခန့်ဝေးပြီးအရေးပေါ်လိုအပ်ပါကကား(သို့) သုံးဘီး စီးလုံးငှား၍သွားကြရ သည်။ကျေးရွာအတွင်းနှင့်အနီးတွင်ဆေးဆိုင်သီးသန့်ဖွင့်လှစ်ထားခြင်းမရှိပါ။

ကျေးရွာတွင် သောက်ရေတွင်း (၂၆၇) တွင်းနှင့်အဝီစိတွင်း/စက်တပ် (၂) တွင်းရှိပြီး တစ်ဦးချင်းပိုင် ဖြစ်ပြီး ကျန်အိမ်ထောင်စုများသည်ရေတွင်းရှိသောအိမ်များတွင်ခပ်ယူအသုံးပြုကြရသည်။ ရေအရည် အသွေး စစ်ဆေးထားခြင်းမရှိပါ။ နွေရာသီကာလများ၌အချို့ ရေတွင်းများမှာရေခန်းမှု ဖြစ်ပေါ်သော ကြောင့် သောက်သုံးရေမလုံလောက်သဖြင့် အင်ခိုင်ဘွမ်တောင်ခြေမှ စိမ့်စမ်းသွယ်ယူလိုကြ သည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

လူငယ်များသည် မူးယစ်ဆေးဝါးအန္တရာယ်အချိန်မရွေးကျရောက်နိုင်ခြင်းကြောင့် ထိခိုက်လွယ်မှု မြင့်သည်။အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ၊ဆင်းရဲသား တောင်သူများ နှင့် လက်လုပ်လက်စား

ကျပန်းများလုပ်ကိုင်သည့်အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည်အရေးပေါ် အခြေအနေများ ကြုံတွေ့ပါကအခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအနေဖြင့် မြေဆီဩဇာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတို့တွင် အန္တရယ်ရှိမှုလတ်ဖြစ်သည်။

သွေးလွန်တုတ်ကွေးနှင့် ဆီးချိုရောဂါများ အဖြစ်များကြသည်။

**၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ**

ကျေးရွာစီမံအုပ်ချုပ်မှုနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာပါဝင်၊ ဆောင်ရွက်မှုရှိသည်။ အမျိုးသမီးများအား သံသယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့) တိုင်ကြားမှုများမရှိပါ။အိမ်တွင်းအကြမ်းဖက်မှုများအတွက်ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက်အသိအမြင်မရှိသေးပါ။ ထို့ကြောင့် အမျိုးသမီးအိမ်တွင်းအကြမ်းဖက်ခြင်းဥပဒေဆိုင်ရာ ဟောပြောပွဲများပြုလုပ် ပေးရန်လိုအပ်ပါ သည်။

၁၀။ **ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ( ၁၀ မိုင် ကျေးရွာ )**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု ဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အမြင်ဖွင့်သင်တန်းများ( လူ့အခွင့်အရေး၊စီးပွားရေး၊ Gender) | ၇ |
| ၂ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၂။ ပညာရေးအခွင့်အလမ်းများရရှိရန် | ၈ |
| ၃ | လမ်းတံတားနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၃။ ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း | ၁ |
| | | ၄။ ရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်း | ၄ |
| | | ၅။ ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း | ၃ |
| | | ၆။ ရွာတွင်းရေနုတ်မြောင်းတူးဖော်ခြင်း | ၅ |
| ၄ | သောက်သုံးရေရရှိမှုစီမံကိန်း | ၇။ အင်ခိုင်ဘွမ်ဆောင်ခြေမှ ရေသွယ်ယူခြင်း | ၂ |
| ၅ | စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်း | ၈။ မျိုးကောင်း/မျိုးသန့်များရရှိရန်(သီးနှံ/တိရိစ္ဆာန်) | ၁၁ |
| | | ၉။ ဘက်စုံစိုက်ပျိုး/မွေးမြူရေးသင်တန်းများ | ၁၀ |
| | | ၁၀။ လယ်ယာသုံးစက်ကိရိယာများအရစ်ကျရောင်းချပေးရန် | ၁၂ |
| | | ၁၁။ စိုက်ပျိုးမြေများဖော်ထုတ်ရန်(လယ်ယာ/ဥယျာဉ်ခြံ) | ၁၃ |

| | | | |
|---|---|---|---|
| ၇ | စိုက်/မွေးမဟုတ်သောအက်မွေးဝမ်းကျောင်း နည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁၂။ ဒေသနှင့်ကိုက်ညီသောအသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရန်(စက်မှု/လက်မှု) | ၆ |
| ၈ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁၃။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးဟောပြောပွဲ နှင့် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူများအားဥပဒေအရ တင်းကြပ်စွာ အရေးယူရန် | ၉ |
| | | ၁၄။ စာကြည့်တိုက်ဆောက်လုပ်ရန် | ၁၅ |
| | | ၁၅။ အားကစားကွင်းဆောက်လုပ်ရန် | ၁၄ |
| ၉ | အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁၆။ အမျိုးသမီးအိမ်တွင်းအကြမ်းဖက်ခြင်းဥပဒေဆိုင်ရာဟောပြော ပွဲများ | ၁၇ |
| ၁၀ | ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁၇။ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ | ၁၆ |

နောက်ဆက်တွဲ(၁)

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား)**

**ကျေးရွာ၊ ကျေးရွာ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃၃ | ၁၉ | ၅၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၇၈ | ၈၆ | ၁၆၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၁၂ | ၉၅ | ၂၀၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၄၆ | ၁၂၄ | ၂၇၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၄၄ | ၈၁၂ | ၁၅၅၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်အိုး | ၃၉ | ၆၉ | ၁၀၈ |
| **စုစုပေါင်း** | | **၁၁၄၈** | **၁၂၀၅** | **၂၃၅၂** |
| **စုစုပေါင်းအိမ်ထောင်စု** | | | | **၃၅၄** |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ၁၀ မိုင် ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၃၅၄စု ရှိပြီး လူဦးရေပေါင်း ၂၃၅၂ (ကျား ၁၁၄၈ + မ ၁၂၀၅) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၆.၆ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်ထက် ပိုနေသည်ကို တွေ့ရ သည်။ အလုပ်လုပ်နိုင်သောလူဦးရေမှာ တစ်ရွာလုံးလူဦးရေ၏ (၆၆.၂%) ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လူသားအရင်းအမြစ်ကောင်းများဖြစ်လာနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၉ | ၁၇၆ | ၁၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၆ | ၄၃ | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၈ | ၅ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၈ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၃ | ၆ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၉ | ၆၈ | ၁၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၄ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၈၆ | ၁၄၇ | ၅၁ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၈ | ၂၅ | ၂၇ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၃၅၃ | ၅၁၃ | ၁၂၉ | ☒ |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်း အဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ၁၀ မိုင်ကျေးရွာတွင် အိမ်ခြေ ၃၅၄ ရှိသည့်အနက် စိုက်ပျိုးရေး၊ ကျပန်းနှင့် ဈေးရောင်းလုပ်ငန်းများကို အများဆုံးလုပ်ကိုင်နေသည်ကိုတွေ့ရှိရပါသည်။ မွေးမြူရေးတွင်ဝက်ကို အများ

ဆုံးမွေးကြပြီး ၊ ကျောက်စိမ်းအရောင်းအဝယ်၊ သဲကျောက်တိုက်ခြင်းလုပ်ငန်း၊ဝါးထရံယက်ခြင်း၊ ဆန်စက်၊ သစ်စက်၊ မီးဖို၊ ယက္ကန်း ၊ ဥယျာဥ်ခြံစိုက်သူ၊ လက်သမားပန်းရံ၊ ဝပ်ရှော့၊ စက်ချုပ်၊ အလှပြင်၊ ကားမောင်း၊ ဓမ္မဆရာစသည့် မတူညီသောလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၁၂၉ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့် ၃၅၃ အိမ်မှ ၁၂၉ ဦး သည် မိသားစုရပ်တည်ရေးအတွက် လုပ်ငန်း တစ်မျိုးထက်ပို၍ လုပ်နေကြရသည်။ အိမ်ထောင်စုတစ်စုမှာ အသက်အရွယ်ကြီး၍ အလုပ်လုပ်နိုင်ခြင်း မရှိပဲ ရပ်ရွာမှကြည့်ရှုစောင့်ရှောက်ထားခြင်းဖြစ်သည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၈၀၀၀ | |
| ၇ | ယာဥ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ ၁၀မိုင်ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၃ မျိုးရှိသည်ကို တွေ့ရသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်း

တို့ဖြစ်သည်။ အမျိုးသားသည်အမျိုးသမီးများထက်လုပ်အားခ အနည်းငယ်ပိုရလေ့ရှိပြီး ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းခွင်များမှာ အမျိုးသမီးများသည် အလုပ်မရရှိကြပါ။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၀၀.၆ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၈၇ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၁၆.၇၇ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁၃၇ | ကောင်း ☐ သင့်☐ ညံ့ ☒ |
| စုစုပေါင်း | ၅၄၁.၃၇ | ☒ |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ၁၀မိုင်ကျေးရွာတွင် လယ် ၂၀၀.၆ဧက၊ ယာမြေ/တောင်ယာမြေ ၈၇ ဧက၊ ဥယာဉ်ခြံမြေ ၁၁၆.၇၇ဧက၊ မြေလွတ်မြေလပ် ၁၃၇ ဧက၊ စုစုပေါင်း (၅၄၁.၃၇) ဧကရှိ သည်။ လယ်မြေ၊ ယာမြေ/ တောင်ယာမြေ၊ ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာအရည်အသွေး မှာ အသင့်အတင့် ကောင်းမွန်ပြီး မြေလွတ်မြေလပ်၏ မြေဆီလွှာအရည်အသွေးမှာ ညံ့ဖြစ်သည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)** |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ | များ ☐ သင့် နည်း မရှိ ☒ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကျောက်မျက်၊ ရွှေ စသည်။) | | |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☒ နည်း ☐ မရှိ ☐ | လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်မျ ား) | များ ☐ သင့်☐ နည်း ☒ မရှိ ☐ | လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☒မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ၁ဝမိုင်ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်နှင့် အခြားတွင်းထွက် သယံဇာတများလည်းမရှိသော်လည်း ဧရာဝတီမြစ်အတွင်း ရွှေကျင်သူအနည်းငယ်ရှိသည်။ ဆောက်လုပ်ရေးအတွက် သဲနှင့်ကျောက်ကို အသင့်အတင့်ရရှိနိုင်ပြီးမိုးတွင်းကာလ မိုးများချိန်မှလွဲ၍ ပွင့်လင်းရာသီများတွင် အလွယ်တကူအသုံးပြုနိုင်သည်။ သဘာဝအပင်မျိုးစိတ်များမှာ ကျေးရွာ၏ အနောက်ဘက်တွင်ရှိသော အင်ခိုင်ဘွမ်တောင်တွင် အနည်းငယ်သာကျန်ရှိတော့သည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် သစ်တောများပြုန်းတီးလာပြီး အလွန်အကျွံ အမဲလိုက်ကြခြင်းကြောင့် နည်းပါးသွားပြီဖြစ်သည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၆ဧကနှင့်အထက် | ၆ဧက–၁ဧက | မြေယာမဲ့ | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ်၊ ကြွေခင်း၊ကာလာသွပ်မိုး | သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း | ရိုးရိုးသွပ်မိုး၊ ထရံကာ | ဝါးထရံ/ကြမ်းခင်း |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ဆန်စက်၊ မြက်ရိတ်စက် | မြက်ရိတ်စက်၊ လက်တွန်းထွန်စက် | ပေါက်တူး/ပြား၊ ပုဆိန်၊ဂေါ်ပြား၊ ဓါး | ပေါက်တူး/ပြား၊ ပုဆိန်၊ဂေါ်ပြား၊ ဓါး |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ သုံးဘီး၊ ဖုန်း၊ တီဗွီ၊ ရေခဲသေတ္တာ | သုံးဘီး၊ ဖုန်း၊ ဆိုင်ကယ်၊ တီဗွီ | ဆိုင်ကယ်၊ဖုန်း၊ တီဗွီ | စက်ဘီး၊ တီဗွီ |
| အဓိကစီးပွားရေး | တောင်သူကြီး/အ | တောင်သူလတ်/ | ဆင်းရဲသား | မြေယာမဲ့၊ ကျပန်း၊ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| လုပ်ငန်း | ရောင်းအဝယ် | ဝန်ထမ်း/ ဈေးရောင်း | တောင်သူ | နေ့စားလုပ်သား |
| အိမ်ထောင်စု (၃၅၄) | ၃၁ | ၁၄၇ | ၁၆၆ | ၁၀ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ၁၀မိုင်ကျေးရွာတွင် အိမ်ခြေ ၃၅၄အိမ်ရှိပြီး အဆင့် (၁) အိမ်ထောင်စု ၃၁စုနှင့် အဆင့် (၂) အိမ်ထောင်စု (၁၄၇) စုရှိကာ (၅၀.၂၈) % ခန့်ရှိသောကြောင့် စုစုပေါင်းအိမ်ခြေ၏ တစ်ဝက်မှာ အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပြီး အဆင့်(၃) နှင့် အဆင့်(၄) အိမ်ထောင်စုမှာ အိမ်ခြေတစ်ဝက် ခန့်ရှိပြီး မြေယာမဲ့များဖြစ်ကြသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ၃ |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ၂၃<br>လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ၃၀<br>လုပ်အားခကြိုယူ = ____________ |

**ရင်းမြစ်.. ဥစ္စာဓနအဆင့်“၃” နှင့်“၄”အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်း ကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင့် (၃) ၁၆၆ အိမ်နှင့် အဆင့် (၄) ၁၀ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုစစ်တမ်းကို အဆင့် (၃) မှ ၅၀ အိမ်နှင့် အဆင့် (၄) မှ ၃ အိမ်ကို စစ် တမ်း ကောက်ယူရမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှုအရ အခြားအစားပြောင်းလဲစားခြင်း၊ အစားလျှော့စား ခြင်းနှင့် အထောက်အပံ့ယူခြင်းများသည် ကျေးရွာတွင်မရှိကြပါ။ ၅၃ အိမ်ထောင်စု စလုံးမှာ ချေးယူ၍ သာ ဝမ်းစာမဖူလုံမှုကို ဖြေရှင်းကြသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | ၂ | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁၇ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ၁၀ မိုင် ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ် နှင့် အထက် မ (၂)ဦးရှိပြီးရပ်ရွာနှင့်အိမ်နီးချင်းများမှစောင့်ရှောက်ထားခြင်းဖြစ်ပါသည်။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သောအိမ်ထောင်စုမှာ ၃၅စုနှင့် ဆင်းရဲ၍မိသားစု ဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင် စု ၁၇ စု ရှိသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ၁၀ မိုင်ကျေးရွာတွင် ကျေးရွာ၏ ထိခိုက်လွယ်မှုအခြေအနေများသိပ်မရှိပါ။ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါဖြစ်ပွားသူ အနည်းငယ်သာရှိသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ၁၀ မိုင်ကျေးရွာ၏ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ၊ ဆင်းရဲ သား တောင်သူများ၊ လက်လုပ်လက်စား များ၊ ကျပန်းများသည် ထိခိုက်သက် ရောက်နိုင်မှု မြင့် သည်။

လူငယ်များ ထိခိုက်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ မူးယစ်ဆေးဝါးပေါ်များသောကြောင့် လူငယ် များသည် အချိန်မရွေးမူးယစ်ဆေးဝါးသုံးစွဲနိုင်ခြင်းကြောင့်ဖြစ်သည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများနှင့် လက် လုပ်လက်စားများ၊ ကျပန်းများမှာလည်း ပုံမှန်အလုပ်အကိုင်မရှိခြင်းနှင့် လုပ်အားခနည်းသဖြင့် မိသားစု ဝင်ငွေနည်းသောကြောင့် အချိန်မရွေး ထိခိုက်သက်ရောက်မှု ဖြစ်နိုင်သောကြောင့် ထိခိုက်သက်ရောက် နိုင်မှု မြင့်သည်။

ရွှေတွင်းလုပ်သားများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများ ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကားမောင်းပြီးအသက်မွေးသူများ ၏ ထိခိုက်လွယ်မှုမှာနိမ့်ဖြစ်သည်။ ကျန်လူအုပ်စုများမှာ ထိခိုက်သက် ရောက်နိုင်မှု မရှိကြပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐ ၂☒ ၃☐ | ၇ | - | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂☒ ၃☐ | ၇ | - | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ကျောင်း အကျိုးတော်ဆောင် | ၁☐ ၂☒ ၃☐ | ၆ | ၃ | ၉ | ပညာရေး ☒ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၄ | မီးသတ် | ၁☐ ၂☒ ၃☐ | ၇ | - | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၅ | အမျိုးသမီးရေးရာ | ၁☐ ၂☒ ၃☐ | - | ၂၅ | ၂၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၆ | ကိုယ့်အားကိုယ်ကိုး(ငွေစုငွေချေး) | ၁☒ ၂☐ ၃☐ | - | ၅ | ၅ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ၁၀ မိုင် ကျေးရွာအတွင်း အဖွဲ့ပေါင်း (၆) ဖွဲ့ရှိပြီး ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည် နိုင်ကြသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | AZG | ၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☒ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | Vision Fund | ၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ GIZ, UKAid,

USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။**

**လေ့လာတွေ့ရှိချက်။** ။ ၁၀ မိုင်ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအနေဖြင့် AZG နှင့် Vision Fund အဖွဲ့အစည်း (၂) ခုရှိသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၅၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၅၈ | ဆင်းရဲသားတောင်သူ |
